# မင်း ဒေချင့်တို့ကို သိပြီးဖျယ်လား

70%

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ မဲပေးနိုင်ရေ လူဦးရေ စုစုပေါင်းဇ့ ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခကတ်ပါရေ။

5M 18+

လာဖို့ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ အသက် ၁၈ နှစ် ပြေ့ပြီးနန့် အထက် ပထမဆုံးအကြိမ် မဲပေးကတ်ဖို့ လူငယ် ၅ သန်းလောက် ဟိဖို့ ဖြိုက်ပါရေ။

မဲစရင်းမှာ မင်း နာမေပါဝင်ကေမှရာ ဆန္ဒမဲပေးနိုင်ဖို့ ဖြိုက်ပါရေ။ ယေဇုနန့် မဲပေးပိုင်ခွင့် မဆုံးရှုံးရအောင် မဲစရင်းကပ်ပြီးကေ ကြေငြာချိန်မှာ မင်း နာမေ ပါ/မပါ စီးစစ်ပါ။ တကယ်လို့ မင်းရေ နိုင်ငံခြားမာရောက်ဟိနိန်ရေ ဆိုပါကေ အွန်လိုင်းကနီတဆင့်စီးစစ် နိုင်ပါရေ။ မကြာမကြာစောင့်ကြည့်ဖို့တော့ခါလိုပါဖို့။

**Covid-19 ကြောင့် မင်း ဇ့ မဲပေးပိုင်ခွင့်ကို မဆုံးရှုံးပါစီကေ့၊ ကျန်းမာရေးနန့် အားကစားဝန်ကြီး ဌာနက အကြံပြုချက်တို့ကို လိုက်နာပါ။ မင်းနန့် အခြားလူတို့ဇ့ ကျန်းမာရေးကို သတိဂရုပြုပနာ လုံလုံခြုံခြုံနိန်ထိုင်ပြီးကေ မင်း နာမေ ပါ/မပါ လားရောက်စီးစစ်ပါ။**

## COVID-19

အကျွန်ရို့ဇ့ ပတ်ဝန်းကျင်ရေ တန်ဖိုးဟိပါရေ။ မင်းဇ့လုပ်ဖော် ကိုယ်ဖက်တို့ကိုလေးစားပါ။ ကျန်းမာရေးနန့် အားကစားဝန်ကြီးဌာနဇ့ ထုတ်ပြန်ချက်တို့ကို လိုက်နာပါ။

- လက်ကို မကြာမကြာ ဆီးပီးပါ။
- နှာချီ၊ ချောင်းဆိုးဖြိုက်တေဆိုကေ ပါးစ နန့် နှာခေါင်းရို့ကို အုပ်ထားပါ။
- ကိုယ့်မျက်နှာကို လက်နန့် မကိုင်ပါကေ့။
- လက်ဆွဲနှုတ်ဆက်စွာမျိုး မလုပ်ပါကေ့။
- ခပ်ခွာခွာ နိန်ပါ။
- မက်(စ်) တပ်ပါ။



မဲဆန္ဒသျှင်တို့အားလုံး ဘားသို့ ......
ပြေထောင်စု ရွီးကောက်ပွဲကော်မသျှင် ဥက္ကဌ အနိန်နန့် မဲဆန္ဒသျှင်တို့ အားလုံးကို တိုက်တွန်း မှာကြားချင်စွာ တခုက ဆန္ဒမဲပေးနိုင်ဖို့အတွက် မဲစရင်းလားကြည့်ကတ်ပါ။ မဲဆန္ဒသျှင်ရို့ဇ့ နာမေတို့ မဲစရင်းမှာ ပါဖို့အတွက် သေချာအောင် လုပ်ဆောင်ကတ်ပါ။

ဦးလှသိန်း
ဥက္ကဌ၊ ပြေထောင်စုရွီးကောက်ပွဲကော်မသျှင်

ပြေထောင်စုရွီးကောက်ပွဲကော်မသျှင်ဇ့ Facebook လင့်ခ် -
https://www.facebook.com/uecmyanmar

ပြေထောင်စု ရွီးကောက်ပွဲကော်မသျှင်ဇ့ ဝဘ်ဆိုဒ်လင့်ခ် -
https://uec.gov.mm

Australian Aid · Canada · DENMARK · Swiss Agency for Development and Cooperation SDC · UKaid · USAID · IFES

ပြေထောင်စုရွီးကောက်ပွဲကော်မသျှင်

# မဲဆန္ဒသျှင် စာရင်းမာ မင်း နာမေ ပါယင့်လား။



## အေဂုပင် လားရောက် စီးစစ်လိုက်ပါ။

၂၀၂၀ ပြေနှစ် ဂျူလိုင်လ (၂၅) ရက်နိန့်ကနီ ဩဂုတ်လ (၇)ရက်နိန့် ထဲမာ ကိုယ်ရို့ ရပ်ကွက်/ကျေးရွာအုပ်စု ရွီးကောက်ပွဲကောက်မသျှင်အဖွဲ့ရုံးခွဲသို့

\# မင်း နာမေ ပါမပါ စီးစစ်ပါ။

# မဲပီးနိူင်ဖို့အတွက် မင်း နာမေ ရေ မဲဆန္ဒသျှင်
# စရင်းထဲမာ ပါဝင်ရပါဖို့



### အဆင့်-၁

မဲဆန္ဒသျှင် စရင်းတို့ကို ကပ်ပြီးကေ ကြေငြာရေ အခါ ကိုယ်ရို့ နာမေပါ မပါ လားရောက် စီးစစ်ပါ။
ရပ်ကွက်/ကျေးရွာအုပ်စု ရွီးကောက်ပွဲကော်မသျှင် အဖွဲ့ ခွဲမာကပ်ပြီး ကေ ကြေငြာဖို့ နိန့်ရက်ကို စနဲနာ စုံစမ်းပါ။



### အဆင့်-၂

မဲဆန္ဒသျှင်စရင်းမာ ကိုယ်ရို့ နာမေ ပြေ့ပြေ့စုံစုံ ပါဟိရေဆိုပါကေ ၂၀၂၀ ပြေ့နှစ် အထွေထွေရွီးကောက်ပွဲအတွက် မဲပီးဖို့
အဆင်သင့် ဖြိုက်နိန်ပါဗျာယ်။
မှတ်ချက် - တကယ်လို့ မဲစရင်းမာ ပျင်ဆင်ဖို့၊ ဖြေ့စွက်ဖို့၊ ပယ်ဖျက်ဖို့ တခုခု တွို့ဟိရေ ဆိုပါကေ အဆင့် (၃)မာပြထားရေအတိုင်းလုပ်ဆောင် ကတ်ရပါဖို့။



### အဆင့်-၃

ပျင်ဆင်၊ ဖြေ့စွက်ဖို့ လျှောက်ထားကတ်တေအခါသတ်မှတ်ထားရေပုံစံ တို့နန့်ရာ လျှောက်ထားနိူင်ရေဆိုစွာကို သတိထားစီချင်ပါရေ။

- မဲစရင်းမာ မင်း နာမေ ပါမပါက ပုံစံ(၃)
- ကိုယ်ရေးအချက်အလက် မှားနီရေဆိုပါကေ ပုံစံ(၄-ဂ)
- မဲစရင်းမာ မပါဝင်သင့်ရေ လူတစ်ယောက် ပါဝင်နီရေဆိုပါကေ ပုံစံ(၄)

မဲဆန္ဒသျှင် စရင်းကြေငြာပြီးကေ (၁၄) ရက်အတွင်းမာ လိုအပ်ပုံစံတို့နန့် ရပ်ကွက်/ကျေးရွာအုပ်စု ရွီးကောက်ပွဲကော်မသျှင်အဖွဲ့ ခွဲဘားသို့ လားရောက် လျှောက်ထား ကတ်ရပါဖို့။
နိူင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ရပ်ကွက်မာ နိန်ထိုင်ကြောင်း ထောက်ခံချက်၊ အခြားအထောက်အထားရို့ကို လိုအပ်တေပိုင် ပူးတွဲလို့ တင်ပြကတ်ရပါဖို့။ ဖေသာ ဒင်္ဂါးပီးစရာ မလိုပါ။

- ကိုယ် အမြဲတမ်းနိန်ထိုင်ရေ ဒေသမဟုတ်တေတခြားဒေသ တခုမာ ရက်ပေါင်း (၉၀) ထက်ပိုပြီးကေ နိန်ထိုင်ခပြီးကေ ကိုယ်ရောက်ဟိနီရေ မဲဆန္ဒနယ်မာ မဲပီးချင်ရေ ဆိုပါကေ ပုံစံ (၃-က) (ရွီးကောက်ပွဲကျင်းပဖို့ နိန့်မတိုင်ခင် ရက်ပေါင်း(၃၀) ထက် နောက်မကျ စီပါကေ့။)



### အဆင့်-၄

ကိုယ်လျှောက်ထားစွာနန့် ပက်သက်ပြီးကေရပ်ကွက်/ကျေးရွာအုပ်စု ကော်မသျှင် အဖွဲ့ ခွဲဇွဆုံးဖြတ်ချက်ကိုတင်သွင်းရေ နိန့်ကစလို့ (၇)ရက်အတွင်းမာ စုံစမ်းကတ်ရပါဖို့။



### အဆင့်-၅

ဆုံးဖြတ်ချက်ကို ကျေနပ်မှုမဟိဆိုပါကေ မြို့နယ်ရွီးကောက်ပွဲ ကော်မသျှင် အဖွဲ့ ခွဲဘားသို့ အယူခံလွှာကို အကြောင်းကြားစာလက်ခံ ရဟိရေ နိန့်ကနီစလို့(၃)ရက်အတွင်းမာ လျှောက်ထားကတ် ရပါဖို့။
မြို့နယ်ကော်မသျှင် အဖွဲ့ ခွဲကနီ အယင်ဆုံး ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ပီးဖို့ ဖြိုက်ပါရေ။



**မေး ၁**
အကျွန့်နာမေ စန်းစန်းပါ။ အကျွန့် အဖ နာမေ မဲစရင်းမာ မပါဝင်ပါ။ ဇာပိုင်လုပ်ရပါဖို့လဲ။

**ဖြေ ၁**
မဲပီးနိူင်ရေ လူတစ်ယောက်ဇွ နာမေရေ မဲဆန္ဒသျှင်စရင်းမာ မပါဝင် ဆိုပါကေ ပုံစံ(၃)ကို ဖြေ့ပနာမဲစရင်းတို့ကို ကပ်ထား ကြေငြာပြီးကေ ၁၄ ရက်အတွင်းမာရပ်ကွက်ကျေးရွာ ကော်မသျှင်အဖွဲ့ ခွဲဘားမာလျှောက်ထားကတ်ရပါဖို့။

**မေး ၂**
ငါ့ နာမေ ဦးချစ် ဖြိုက်တေ။ မဲဆန္ဒသျှင် စရင်း မာ ငါ့ ကိုယ်ရေးအချက်အလက်တို့ မှားနိန်ရေ။ ဇာပိုင် လုပ်ရဖို့လဲ။



**ဖြေ ၂**
မဲဆန္ဒသျှင် စရင်းမာ ကိုယ်ရို့ ကိုယ်ရေးအချက်အလက်တို့မှား နိန်ရေ ဆိုပါကေ ပုံစံ(၄-က) ကို ဖြေ့ ပနာမဲစရင်းတို့ကပ်ထား ေ ကြေငြာရေ ရက်ကစလို့ (၁၄) ရက်အတွင်းမာ ရပ်ကွက်/ ေ ကျေးရွာအုပ်စု ကော်မသျှင်အဖွဲ့ ခွဲဘားသို့ ပီးအပ်ကတ်ရပါဖို့။

**မေး ၃**
အကျွန်က မြမြပါ။ မပါဝင်သင့်ရေ နာမေ တခု မဲဆန္ဒသျှင် စရင်းထဲမာ ပါဝင်နိန်တွို့ရပါ ရေ။ဇာပိုင်လုပ်ရပါဖို့လဲ။



**ဖြေ ၃**
မပါဝင်သင့်ရေ လူတစ်ယောက် မဲစရင်းထဲမာ ပါဝင်နိန်ရေဆိုပါကေ ပုံစံ (၄) ကို ဖြေ့ ပနာ မဲစရင်းတို့ကပ်ပြီးကေ ကြေငြာလို့ (၁၄) ရက် အတွင်းမာ ရပ်ကွက်ကျေးရွာအုပ်စုကော်မသျှင်အဖွဲ့ ခွဲဘားသို့ပီးအပ် ကတ်ရပါဖို့။ ကန့်ကွက်ရရေ အကြောင်းရင်းနန့် အထောက်အထား တို့ကိုလည်းတခါတည်း တင်ပြပီးကတ်ရပါဖို့။ (တခြားမဲစရင်းမာပါ ဟိရေလူကို ကန့်ကွက်လို့ မရပါ။)

**မေး ၄**
အကျွန်က မေဦး ပါ။ ၂၀၂၀ ဖွန်လ မာ အသက် ၁၈ နှစ်ပြေ့ပါဖို့။ လာဖို့ ရွီးကောက် ပွဲမာ မဲပီးလို့ ရပါဖို့လား။



**ဖြေ ၄**
တကယ်လို့ မင်းရေ ဆန္ဒမဲ ပီးနိူင်ရေ မဲဆန္ဒသျှင်ဖြိုက်တေဆိုပါ ကေ မင်းနာမေမဲစရင်းမာပါဝင်ဖို့ လိုအပ်ပါရေ။ မဲစရင်းကြေငြာ ကပ်ထားရေ နိန့်မာ မင်း နာမေ ပါမပါသက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်စု ကောက်မသျှင် အဖွဲ့ ခွဲဘားသို့ လားကြေ့ပြီးကေ စီးစစ် ရပါဖို့။ တကယ်လို့ မဲစရင်းထဲမာ မပါဝင်ဆိုပါကေ ပုံစံ(၃) ကို တောင်းယူပြီးကေကိုယ့် ကိုယ်ရေးအချက်အလက်တို့ကို ဖြေ့ပနာ မဲဆန္ဒသျှင် စရင်းတို့ကပ်ထားကြေငြာပြီးလို့ ၁၄)ရက် အတွင်းမာ လျှောက်ထားကတ်ပါဖို့။

**မေး ၅**
အကျွန်က ပန်းအိပါ။ အမြဲတမ်း နိန်ထိုင်ရေ ဒေသကနီ အခြားဒေသတခုမာရောက်ဟိနိ န်ပြီး ကေရွီးကောက်ပွဲနိန့်မာ မဲပီးဖို့ ဇာတိကို မပြန်နိူင်ခကေ ဇာပိုင်လုပ်ရပါဖို့လဲ။



**ဖြေ ၅**
တကယ်လို့ မင်းရေ ဒေဂု ရောက်ဟိနိန်ရေ နိန်ရာမာ ရက်ပေါင်း (၉၀) ထက် ပိုလို့နိန်ထိုင်ခပြီးကေကိုယ်ရောက်ဟိနိန်ရေ မဲဆန္ဒနယ်မာဆန္ဒမဲ ပီးချင်ရေဆိုပါကေပုံစံ (၃-က) ကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မသျှင် အဖွဲ့ ခွဲဘားက တောင်းယူလျှောက်ထားနိူင်ပါရေ။ အောက်မာ ဖော်ပြ ထားရေ ထောက်ခံချက်တို့ကို ဖြေ့ဖို့လိုအပ်ပါရေ။

- မင်း ဇွ အထက်အရာရှိ (အစိုးရဝန်ထမ်း) သို့မဟုတ် ကုမ္ပဏီပိုင်ရှင် (လုပ်ငန်းသျှင်/လုပ်ငန်းသျှင် ကိုယ်စားလှယ်) ဘားက
- အေ အရပ်ဒေသမာ ရက်ပေါင်း (၉၀)ထက်ပိုပြီးကေနိန်ထိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဇွ ထပ်ဆင့်ထောက်ခံချက် ပုံစံ (၃-က) ကိုရွီးကောက်ပွဲ ကျင်းပဖို့နိန့် မတိုင်ခင်ရက်ပေါင်း (၃၀) ထက် နောက်မကျစီဘဲနန့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မသျှင်အဖွဲ့ ခွဲဘားသို့လားရောက်လျှောက်ထားကတ်ရပါဖို့။